# ရခိုင်အမျိုးသားပါတီ

# Arakan National Party (ANP)

## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ

# ရခိုင်အမျိုးသားပါတီ

## Arakan National Party (ANP)

## ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

နိုင်ငံရေးမူဝါဒနှင့်သဘောတရား

ပြည်ထောင်စုမြန်မာနိုင်ငံသည် ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မွန်၊ မြန်မာ(ဗမာ)၊ ရခိုင်၊ ရှမ်းနှင့် အခြားတိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပေသည်။ ထို့ကြောင့် တိုင်းရင်းသား လူမျိုးများအားလုံး စည်းလုံးညီညွတ်ရေးနှင့် တစ်မျိုးသားလုံး သွေးစည်း ညီညွတ်ရေးတို့သည် မရှိမဖြစ် လိုအပ်လှပေသည်။ ထိုသို့သွေးစည်းညီညွတ်မှုဖြင့်သာ ထာဝရငြိမ်းချမ်းမှုနှင့်ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည် ဖြစ်ပေသည်။

ထိုသို့ တစ်မျိုးသားလုံးသွေးစည်းညီညွတ်ရေးကိုလည်း ဒီမိုကရေစီအခွင့်အရေး၊ တိုင်းရင်းသား လူမျိုးများတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးဆိုသည့် ပင်လုံအခြေခံမူပေါ်တွင် အခြေပြုသည့် ပြည်ထောင်စုစနစ်တစ်ရပ်ကို တည်ဆောက်နိုင်မှသာ ရရှိနိုင်မည်ဖြစ်ပေသည်။ သို့မှသာ မြန်မာနိုင်ငံ၏ တာရှည်လှပြီဖြစ်သော ပြည်တွင်းစစ်ရပ်စဲပြီး ထာဝရငြိမ်းချမ်းရေးကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

စီးပွားရေးတွင် လွတ်လပ်သည့်ဈေးကွက်ပေါ်တွင်အခြေခံသည့် စီးပွားရေးစနစ်ခိုင်မာဖြစ်ထွန်း လာရေးဖြစ်သည်။ အဆိုပါစီးပွားရေးစနစ်တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီအခွင့်အလမ်းညီတူညီ မျှဖြင့် မိမိတို့လုပ်ကိုင်လိုသည့်စီးပွားရေးကို လွတ်လပ်စွာလုပ်ပိုင်ခွင့်ရှိရမည်ဖြစ်သည်။ ထိုနည်းတူ နိုင်ငံခြားရင်းနှီးမြုပ်နှံမှုများကို စနစ်တကျဖြင့် ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ပြုရမည်ဖြစ်ပြီး ရရှိလာမည့် အကျိုးစီးပွားများကိုလည်း ချမှတ်ထားသည့်မူဝါဒများနှင့်အညီ ရယူခံစားကြရမည်ဖြစ်သည်။

ထိုသို့ ဈေးကွက်စီးပွားရေးစနစ်ဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် အများပြည်သူတို့ အန္တရာယ်မဖြစ်စေရန်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု မရှိရန်ကိုလည်း ဂရုပြုဆောင်ရွက် ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏အခြေခံလူတန်းစားဖြစ်သည့် တောင်သူလယ်သမားများ၊ ၎င်းတို့၏လယ်ယာလုပ်ငန်း ကို စိတ်အေးချမ်းသာစွာဖြင့် လုပ်ကိုင်နိုင်ရန် လယ်ယာမြေပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ အလေးထားဆောင်ရွက် ရမည်ဖြစ်သည်။

ထိုကဲ့သို့ပင် မြန်မာနိုင်ငံ၏ အခြေခံလူတန်းစားတစ်ရပ်ဖြစ်သည့် အလုပ်သမားများ၏ဘဝလုံခြုံမှု အတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်သည်။

ရခိုင်လူမျိုးများနှင့် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး ရည်မှန်းချက်များ၊ လုပ်ငန်းစဉ်များ တိုးတက်ဖြစ်ထွန်းလာစေရန်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်မှာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီတို့၏ အမျိုးသားရေးတာဝန် ဖြစ်ပေသည်။

ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကို ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ၁၉၉၀ ခုနှစ်၊ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ( ၁၁ ) နေရာအနိုင်ရရှိခဲ့သဖြင့် မြန်မာနိုင်ငံတွင် တတိယအများဆုံး အနိုင်ရရှိသည့် နိုင်ငံရေးပါတီအဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။ ၁၉၉၂ ခုနှစ်တွင် ပါတီဖျက်သိမ်းခံခဲ့ရသည်။ ၂၀၁၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပါတီမှတ်ပုံတင်ခြင်းမပြုဘဲ (၃၀. ၅. ၂၀၁၂) နေ့တွင်မှ ပြန်လည်မှတ်ပုံတင်ခဲ့သည်။

ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီမှာ ၂၀၁၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲ အတွက် (၁. ၆. ၂၀၁၀) နေ့တွင် ပါတီမှတ်ပုံတင်ခဲ့ပြီး ရွေးကောက်ပွဲဝင်ရောက်ခဲ့ရာ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ ပြည်နယ်လွှတ်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်တို့၌ လွှတ်တော်ကိုယ်စားလှယ် (၃၅) နေရာ အနိုင်ရရှိခဲ့ပြီး မြန်မာနိုင်ငံတွင် တတိယအများဆုံးအနိုင်ရရှိသည့် ပါတီဖြစ်သည်။

ထို့နောက်တွင် ရခိုင်ပြည်သူတို့၏ဆန္ဒကို အလေးအနက်ပြုသည့်အနေဖြင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်နှင့် ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီတို့သည် (၁၇. ၅. ၂၀၁၃) ရက်နေ့တွင် နှစ်ပါတီပေါင်းစည်းကာ ရခိုင်အမျိုးသားပါတီကို တည်ထောင်ရန် သဘောတူညီခဲ့ကြသည်။ ဤသို့ဖြင့် ရခိုင်ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသည့် ရခိုင်အမျိုးသားပါတီကို အောက်ပါရည်ရွယ်ချက်၊ လုပ်ငန်းစဉ်နှင့် အခြေခံစည်းမျဉ်းများဖြင့် ဖွဲ့စည်းတည်ထောင်ကြပါသည်။

## ၁။ ရည်ရွယ်ချက်

ပါတီ၏ အဓိကရည်ရွယ်ချက် (၃) ရပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန် - ဆိုလိုသည်မှာ ရခိုင်လူမျိုးများ၏ ကိုယ်ပိုင်ပြဌာန်းခွင့်၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးပိုင်ခွင့်နှင့် မြန်မာအပါအဝင်တိုင်းရင်းသား လူမျိုးများအားလုံး တန်းတူရည်တူအခွင့်အရေးရရှိရေးကို အာမခံသည့် လူမျိုးကိုအခြေခံသောပြည်နယ်များဖြင့် ဖွဲ့စည်းထားသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို တည်ထောင်ရန်။

(ခ) ရခိုင်လူမျိုးများနှင့် ရခိုင်နွယ်ဖွားတိုင်းရင်းသားများ၏အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်လာ

စေရေးနှင့် အဆိုပါအကျိုး စီးပွားများအား ကာကွယ်စောင့်ရှောက်ရန်။

(ဂ) ဒီမိုကရေစီစနစ်ထွန်းကားရေး ကြိုးပမ်းဆောင်ရွက်ရန်။

## ၂။ လုပ်ငန်းစဉ်များ

(က) တိုင်းရင်းသားလူမျိုးများအားလုံးတန်းတူရေး၊ အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်ရရှိရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရန်။

(ခ) လူမျိုးကိုအခြေခံသည့် ပြည်နယ်များဖြင့် ဖွဲ့စည်းထားသော စစ်မှန်သည့် ဖက်ဒရယ် ပြည်ထောင်စု ပေါ်ပေါက်လာရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်။

(ဂ) ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေး၊ လူနည်းစုများအခွင့်အရေး တိုးတက်ကောင်းမွန်လာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး တို့အတွက် ကြိုးပမ်း ဆောင်ရွက်ရန်။

(ဃ) ပြည်တွင်းစစ်ရပ်စဲပြီး ထာဝရတည်တံ့ခိုင်မြဲသော ပြည်တွင်းငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်း ဆောင်ရွက်ရန်။

(င) ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ဒီမိုကရေစီအခြေခံမှုများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုစစ်စစ်မှုနှင့်သော်လည်းကောင်း၊ မကိုက်ညီသောအချက်အလက်များနှင့် ဥပဒေအပိုဒ် များကိုပြင်ဆင်ရေးနှင့် တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေးတို့ကို အမျိုးသားပြန်လည် သင့်မြတ်ရေးဦးတည်ချက်ဖြင့် ကြိုးပမ်းဆောင်ရွက်ရန်။

(စ) လယ်ယာမြေအားလုံးသည် နိုင်ငံတော်မှပိုင်ဆိုင်သည်ဟုဆိုစေကာမူ လယ်ယာမြေဥပဒေနှင့်ပတ်သက်၍ လယ်သမားများသည် လယ်လုပ်ပိုင်ခွင့်ရှိရုံသာမက လယ်ယာမြေများကို ပိုင်ဆိုင်ခွင့် ရရှိရေးအတွက် ဆောင်ရွက်သွားရန်။ ထို့ပြင် လယ်သမားများအနေဖြင့် မိမိတို့၏ဆန္ဒများကို ဖော်ထုတ်အကောင်အထည်ဖော်နိုင်ရန် လယ်သမားသမဂ္ဂများ ပေါ်ပေါက် လာရေးအတွက်ကိုလည်း ဆောင်ရွက်ရန်။

(ဆ) အလုပ်သမားများ၏ရသင့်ရထိုက်သော အခွင့်အရေးနှင့်ရပိုင်ခွင့်များ ခေတ်နှင့်လျော်ညီသည့် လုပ်ခလစာများရရှိရေးအပါအဝင် လွတ်လပ်သော အလုပ်သမားသမဂ္ဂများ ပေါ်ပေါက်ရေး အတွက် ဆောင်ရွက်ရန်။

(ဇ) အမျိုးသမီးများနှင့်ကလေးသူငယ်များ၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်သွားရန်။

(ဈ) ရခိုင်ပြည်နယ်တွင် နိုင်ငံတကာမှရင်းနှီးမြှုပ်နှံမှုများကြောင့် ရရှိလာသည့်အကျိုးစီးပွားများကို ချမှတ် ထားသောမူဝါဒများနှင့်အညီ ရယူခံစားနိုင်ရေးဆောင်ရွက်သွားရန်။

(ည) ပြည်တွင်းနှင့်နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများကြောင့် ဖြစ်ပေါ်လာသည့်စီမံကိန်းကြီးများတွင် ရခိုင် အမျိုးသားလုပ်ငန်းရှင်များက ပါဝင်လုပ်ကိုင်ခွင့်ရရှိနိုင်ရေး ဆောင်ရွက်သွားရန်။

(ဋ) ရခိုင်အမျိုးသားများ၏သမိုင်း၊ စာပေ၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့်ဓလေ့ထုံးတမ်းများကို ရှာဖွေ ဖော်ထုတ်၊ ထိမ်းသိမ်း၊ ကာကွယ်စောင့်ရှောက်သွားရေးတို့ကို ဆောင်ရွက်သွားရန်။

(ဌ) ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခွင့်အလမ်းများ တိုးတက်မြင့်မား ကောင်းမွန်ရေး အတွက် ဆောင်ရွက်ရန်။

(ဍ) ရခိုင်ပြည်နယ်တွင်းရှိ ရေလုပ်ငန်း၊ လယ်ယာမြေ၊ သဘာဝအရင်းအမြစ်နှင့် ကုန်စည်ကူး သန်း ရောင်းဝယ်ရေးအစရှိသော ကဏ္ဍအသီးသီးတို့တွင် ပြည်သူတို့ကိုယ်တိုင်ပါဝင် ဆုံးဖြတ်နိုင်သော ယန္တယားတစ်ရပ်ကို သက်ဆိုင်ရာကိုယ်စားလှယ်များနှင့် ပူးပေါင်းကာ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(ဎ) နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ရခိုင်ပြည်နယ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၏ အကျိုးစီးပွားတို့ကို ကာကွယ်သည့် နိုင်ငံခြားရေးမူဝါဒများအား ချမှတ်ရန်။

(ဏ) ရခိုင်ပြည်နယ်အတွင်းရှိ မြေပေါ်မြေအောက် သဘာဝအရင်းအမြစ်များအား ဖော်ထုတ် သုံးစွဲရာတွင် ချမှတ်ထားသောမူဝါဒများနှင့်အညီ ရရှိခံစားနိုင်ရေး ဆောင်ရွက်သွားရန်။


(တ) ပြည်ပရောက်ရခိုင်လူမျိုးများအပါအဝင် မြန်မာနိုင်ငံသားများအားလုံး မိမိနိုင်ငံသို့ ဘေးကင်းလုံခြုံ စွာဖြင့် ဂုဏ်သိက္ခာရှိရှိ ပြန်လည်ရောက်ရှိနိုင်ရေးကို ဆောင်ရွက်သွားရန်။

## အခန်း (၁)

၃။ ပါတီ၏အလံနှင့်တံဆိပ်

(က) အမည် ။ ။ ဤပါတီကို ရခိုင်အမျိုးသားပါတီ ( Arakan National Party ) ဟုခေါ်တွင်စေရမည်။ အတိုကောက်မှာ အင်္ဂလိပ်ဘာသာဖြင့် (ANP)၊ မြန်မာဘာသာဖြင့် (ရမပ) ဖြစ်သည်။

(ခ) အလံ ။ ။ ပါတီ၏အလံသည် အလျား ၄ ပေ၊ အနံ ၂ ပေ၊ ၆ လက္မ ရှိ၍ အနီရောင်နှင့် အဖြူရောင်ကို အလျားလိုက် အညီအမျှထားကာ အဖြူရောင်မှာအပေါ်၌ရှိပြီး အနီရောင်မှာ အောက်ခြေ၌ ရှိရမည်။ အလယ်ဗဟိုတွင် အချင်း ၁ ပေ၊ ၃ လက္မရှိ  အဖြူရောင် နောက်ခံ စက်ဝိုင်းပုံသင်္ကေတပါရှိပြီး  အဆိုပါစက်ဝိုင်းထဲ၌ အားမာန်အပြည့်ဖြင့် ထိုးသုတ်မည့် လင်းယုန်ငှက်  (ဒေါင်းရုံ (ခ) ဝံလက်ငှက်) ပုံပါရှိသည်။ အပေါ်ပိုင်း အဖြူရောင်၊ အောက်ခံအလယ်၊ ဘယ်ဘက်အနားနှင့်ကပ်လျက် ၆ လက္မအကွာ၌ အချင်း (၇. ၅ လက္မ) ရှိ ငါးထောင့်ပါ ကြယ်နီလေးလုံးကို  တစ်ဝက်စီထပ်၍ အောက်ပါပုံအတိုင်း ပြုလုပ်ထားသည်။ အလံ၏အရွယ် အစားမှာ ကြီးငယ်မဟူ ဤအချိုးအစားအတိုင်း ရှိရမည်။



ရခိုင်အမျိုးသားပါတီ အောင်လံတော်
Arakan National Party Flag

(ဂ) ပါတီတံဆိပ်။ ။ သီရိဝိဠ္ဌ (ဝေသာလီခေတ် အမှတ်တံဆိပ်) နှင့် ဖျာလရုပ်ပုံတို့ကို ပေါင်းစပ်၍ အောက်ပါအတိုင်း ပြုလုပ်ထားသည်။



ရခိုင်အမျိုးသားပါတီ တံဆိပ်
Arakan National Party Logo

(ဃ) တည်နေရာ။ ။ ဆက်သွယ်ရန်လိပ်စာ။

(၁) တိုက်အမှတ် - (၃၃၂)၊ အခန်း (၃၀၄)၊ ဘုရင့်နောင်လမ်း၊ (၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(၂) အမှတ် (၃၉၃)၊ လမ်းမကြီး၊ လမ်းမတော်တောင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

(င) ရုံးတံဆိပ် ။ ။ အချင်း (၁. ၅ လက္မ) ရှိ စက်ဝိုင်းပုံဖြစ်သည်။

ရခိုင်အမျိုးသားပါတီ
စာအမှတ်...................
နေ့စွဲ......................
Arakan National Party

## အခန်း (၂)

### ၄။ ပါတီစည်းရုံးဖွဲ့စည်းပုံ

ပါတီ၏ စည်းရုံးဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ပါတီညီလာခံ။

(ခ) မြို့နယ်လုံးဆိုင်ရာ အစည်းအဝေး။

(ဂ) ရပ်ကွက်၊ ကျေးရွာအုပ်စု အစည်းအဝေး။

အထက်ဖော်ပြပါ ပါတီညီလာခံနှင့် အစည်းအဝေးများမှ ပါတီ၏ အဖွဲ့အစည်း အဆင့်ဆင့်ကို ရွေးချယ်ဖွဲ့စည်းသွားရမည်ဖြစ်သည်။ ထိုသို့ဖွဲ့စည်းရာတွင် ပါတီအဆင့်ဆင့်အားလုံးတွင် ဒီမိုကရေစီနည်းအရ

လွတ်လပ်စွာရွေးချယ်ခြင်းဖြင့် ဖွဲ့စည်းရမည်။ ထို့ပြင် ပါတီ၏အောက်ခြေအဖွဲ့အစည်းများသည် အထက်အဖွဲ့အစည်းများ၏ဆုံးဖြတ်ချက်များကို လေးစားလိုက်နာရမည်။

(ဃ) ရပ်ကွက်ကျေးရွာအဖွဲ့အစည်း၏ အမြင့်ဆုံးပါတီအဖွဲ့အစည်းသည် ရပ်ကွက် ကျေးရွာ သင်းလုံးကျွတ် အစည်းအဝေးဖြစ်သည်။

(င) မြို့နယ်ပါတီအဖွဲ့အစည်း၏ အမြင့်ဆုံးအဖွဲ့အစည်းသည် မြို့နယ်အဖွဲ့အစည်း၏ သင်းလုံးကျွတ်အစည်းအဝေး ဖြစ်သည်။

(စ) ပါတီတစ်ရပ်လုံး၏ အမြင့်ဆုံးအဖွဲ့အစည်းသည် ပါတီညီလာခံဖြစ်သည်။

(ဆ) ပါတီညီလာခံနှင့်အစည်းအဝေးများ၏ ကြားကာလတွင် အဆင့်အားလုံးတွင်ရှိသော ရွေးချယ်ဖွဲ့စည်းထားသည့်ပါတီအဖွဲ့အစည်းများသည် သက်ဆိုင်ရာအဖွဲ့အစည်းများအလိုက် အမြင့်ဆုံးအဖွဲ့အစည်းများဖြစ်သည်။

(ဇ) တစ်မျိုးသားလုံးနှင့်ဆိုင်သောအရေးအရာများကို ဗဟိုကော်မတီ၏ ကြေညာချက် (သို့မဟုတ်) ဆုံးဖြတ်ချက်မပြုမီ မည်သည့်မြို့နယ်အဖွဲ့အစည်းများမှ ကြေညာခြင်းများ မပြုလုပ်ရ။ သို့ရာတွင် ဗဟိုကော်မတီအား အကြံပေးခြင်း၊ အချင်းချင်းဆွေးနွေးခြင်းတို့ကို ပြုလုပ်နိုင်သည်။

(ဈ) မြို့နယ်ဆိုင်ရာကိစ္စရပ်များတွင်မူ သက်ဆိုင်ရာမြို့နယ်အဖွဲ့များက ပါတီမူဝါဒများနှင့် အညီ ဆုံးဖြတ်ချက်ချနိုင်သည်။

(ည) အသစ်ဖွဲ့စည်းသော ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ၊ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ ရပ်ကွက်အဖွဲ့များသည် မိမိနှင့် သက်ဆိုင်သော အထက်အဖွဲ့၏ အတည်ပြုချက်ကို ရယူရမည်။

## အခန်း ( ၃ )

၅။ ဖွဲ့စည်းပုံ

(၁) ပါတီညီလာခံ

(က) ပါတီညီလာခံကို မြို့နယ်အစည်းအဝေးများမှ ဒီမိုကရေစီနည်းအရ ရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်များဖြင့်ကျင်းပရမည်။ ညီလာခံသက်တမ်းကို ညီလာခံ၌ဆွေးနွေး ဆုံးဖြတ်ပြီးမှသတ်မှတ်မည်။

(ခ) ပါတီညီလာခံကို ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်ဖြင့်သာ ခေါ်ယူကျင်းပနိုင်သည်။ ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် အထူးပါတီညီလာခံကိုသော်လည်းကောင်း၊ အရေးပေါ်ပါတီညီ လာခံကိုသော်လည်းကောင်း ခေါ်ယူနိုင်သည်။ ဗဟိုကော်မတီသည် ပါတီညီလာခံသို့ တက်ရောက်မည့် တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများ၊ အခြားသင့်တော်သူများကို ဖိတ်ကြားနိုင်သည်။ ပါတီညီလာခံကျင်းပမည့် နေရာကိုလည်း ရွေးချယ်သတ်မှတ်နိုင်သည်။ သို့ရာတွင် မြို့နယ်ဦးစီးအဖွဲ့ဝင်များအားလုံး စုစုပေါင်း၏ ထက်ဝက်ကျော်ကိုကိုယ်စားပြု သော မြို့နယ်အဖွဲ့အစည်းများက ပါတီညီလာခံကို ကျင်းပရန် တောင်းဆိုပါက ဗဟိုကော်မတီ သည် ထိုတောင်းဆိုသည့် အတိုင်း ဆောင်ရွက်ရမည်။

(ဂ) ပါတီညီလာခံသည် တက်ရောက်ခွင့်ရှိသော ညီလာခံကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ကိုယ်စားလှယ်များ တက်ရောက်မှသာ တရားဝင်သော ညီလာခံဖြစ်သည်။

(၂) ပါတီညီလာခံ၏လုပ်ငန်းနှင့် တာဝန်များ

(က) ဗဟိုကော်မတီနှင့်အခြားအဖွဲ့များက တင်ပြသောအစီရင်ခံစာများကို လက်ခံ၊ ကြားနာ၊ ဆွေးနွေးရန်နှင့် ပြင်ဆင်ဖြည့်စွက်ရန်။

(ခ) ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ နိုင်ငံရေးမူဝါဒနှင့်သဘောတရား၊ လုပ်ငန်းစဉ်တို့ကိုဆုံးဖြတ်ရန်၊ ပြင်ဆင်ရန်။

(ဂ) ပါတီ၏ရေးလုပ်ငန်းစဉ်များနှင့် မူဝါဒများကို သုံးသပ်ဆုံးဖြတ်ရန်။

(ဃ) ဗဟိုဦးစီးအဖွဲ့ကို ရွေးချယ်တင်မြှောက်ရန်တို့ဖြစ်သည်။

(၃) **ဗဟိုကော်မတီ**

(က) ဗဟိုကော်မတီကို ညီလာခံသို့တက်ရောက်လာသော ကိုယ်စားလှယ်များအနက်မှ အရေ အတွက် ( ) ဦးကို ဒီမိုကရေစီနည်းဖြင့် ရွေးကောက်တင်မြှောက် ဖွဲ့စည်းရမည်။

(ခ) ဗဟိုကော်မတီသည် ပါတီညီလာခံ ကျင်းပမည့်နေ့ရက်ကို သတ်မှတ်နိုင်သကဲ့သို့ ရွှေ့ဆိုင်း နိုင်သည်။

(ဂ) ဗဟိုကော်မတီသည် ပါတီညီလာခံသို့ တက်ရောက်ရန် ကိုယ်စားလှယ်ရွေးချယ်ခံရန် အတွက် လုပ်ထုံးလုပ်နည်းများကို ဆုံးဖြတ်ရမည်။

(ဃ) ဗဟိုကော်မတီသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တာဝန်ပေးရမည်။

(င) ဗဟိုကော်မတီအစည်းအဝေးကို အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ်ကျင်းပရမည်။ ဗဟိုကော်မတီဝင် ထက်ဝက်ကျော်က တောင်းဆိုလျှင် ဗဟိုကော်မတီ အထူးအစည်းအဝေးများကို ခေါ်ယူနိုင်သည်။

(စ) **ဗဟိုကော်မတီသည် ပါတီညီလာခံကို တာဝန်ခံရမည်။**

**(၄) ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

(က) ဗဟိုကော်မတီဝင်များအနက်မှ ( ) ဦးဖြင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီကို ဖွဲ့စည်းရမည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ဗဟိုကော်မတီကို တာဝန်ခံရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များအနက်မှ ဥက္ကဋ္ဌ ( ၁ )ဦး၊ ဒုဥက္ကဋ္ဌ ( ၂ )ဦး၊ အတွင်းရေးမှူးအဖွဲ့ဝင်( ၄ ) ဦးကို ဒီမိုကရေစီနည်းဖြင့် ရွေးကောက်တင်မြှောက်ရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးသည် ပါတီ၏ နိုင်ငံရေး၊ စည်းရုံးရေး၊ ပြန်ကြားရေး၊ ပညာရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ အလုပ်သမားအရေး၊ တောင်သူလယ်သမားအရေး၊ အမျိုးသမီးနှင့်ကလေးသူငယ်များအရေး၊ စသည့်ကော်မတီတစ်ခုခုကို ဦးဆောင်တာဝန်ယူရမည်။ လိုအပ်လျှင် တစ်ဖွဲ့ထက်ပို၍ တာဝန်ထမ်းဆောင်နိုင်သည်။

(ဃ) ဥက္ကဋ္ဌရာထူးလစ်လပ်လျှင် ဒုဥက္ကဋ္ဌ တစ်ဦးဦးမှ ယာယီတာဝန်ယူရမည်။ အတွင်းရေးမှူးအဖွဲ့ဝင်ရာထူးလစ်လပ်ခဲ့လျှင် ကျန်အတွင်းရေးမှူးအဖွဲ့ဝင်များမှ ယာယီတာဝန်ယူရမည်။

(င) ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးဦးလစ်လပ်ခဲ့လျှင် ဗဟိုကော်မတီဝင်တစ်ဦးဦးအား ယာယီတာဝန်ပေးအပ်ရမည်။

**(၅) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် အစိုးရ (ပြည်ထောင်စု၊ ပြည်နယ်)၊ ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်၊ နိုင်ငံရေးပါတီများ၊ ပြည်တွင်း / ပြည်ပ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရများ၊ သံရုံးများ၊ လွှတ်တော်များစသည်တို့နှင့် ဆက်သွယ်ဆောင်ရွက်ရန် တာဝန်ယူရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ဗဟိုကော်မတီကို တာဝန်ခံ၍ လုပ်ငန်းဆောင်ရွက်ရမည်။ လိုအပ်မည့် ဗဟိုလုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ ကဏ္ဍအလိုက် တာဝန်ခွဲဝေပေးအပ်ရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် စုဆောင်းရရှိသည့် ပါတီ၏ဘဏ္ဍာငွေကို စီမံခန့်ခွဲသုံးစွဲခြင်းအား တာဝန်ယူပြုလုပ်ရမည်။

(ဃ) ပါတီညီလာခံ တစ်ခု နှင့် တစ်ခုကြား ပါတီ၏လုပ်ငန်းတာဝန်များကို ကြီးကြပ်ဆောင်ရွက်ရမည်။

(င) ပြည်တွင်းပြည်ပ အလုပ်ရုံဆွေးနွေးပွဲများ၊ ဆီမီနာများ၊ ဆွေးနွေးပွဲများ၊ လေ့လာရေးခရီးစဉ်များ (နိုင်ငံခြား) နှင့် သင်တန်းများအတွက် သင့်တော်သည့် ဗဟိုကော်မတီဝင်များ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ နှင့် ပါတီဝင်များကို ရွေးချယ်စေလွှတ်ခြင်းတို့အတွက် တာဝန်ယူဆောင်ရွက်ရမည်။

(စ) အရေးကြီးသည့် သဘောထားကြေညာချက်များကို အချိန်နှင့်တပြေးညီ ထုတ်ပြန်ရန်တာဝန်ရှိသည်။ ပါတီ၏ချမှတ်ထားသော မူဝါဒများနှင့်အညီ သက်ဆိုင်ရာကဏ္ဍအလိုက်ပြောရေးဆိုခွင့်ရှိသူ တစ်ဦးစီကိုလည်း ရွေးချယ်တာဝန်ပေးအပ်ရမည်။

(ဆ) ပြည်သူလူထု၏လိုအပ်ချက်များ၊ မည်သည့်အကြောင်းကြောင့်ပင်ဖြစ်စေ ဖြစ်ပေါ်လာသည့်ထိခိုက် နစ်နာ ခံစားရမှုများကို အနီးကပ်စောင့်ကြည့်၍ ဖြည့်ဆည်းပေးနိုင်ရန်ကြိုးပမ်းရမည်။ ထို့ပြင် အဆိုပါထိခိုက်နစ်နာမှုများကို လွှတ်တော်အသီးသီးသို့ တင်ပြနိုင်ရန်သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များကို တာဝန်ပေးရမည်။

(ဇ) မိမိပါတီ၏လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်လူထုတို့ စဉ်ဆက်မပြတ် ထိတွေ့နေရန်နှင့် အကြောင်းကြောင်းကြောင့် ထိတွေ့မှုပြတ်တောက်နေပါက ဖြည့်ဆည်းပေးနိုင်ရန်ဦးဆောင်မှုပေးရမည်။

(ဈ) ပြည်သူလူထုနှင့် သက်ဆိုင်ရာအာဏာပိုင်တို့အကြား ပေါ်ပေါက်သည့် စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ပြဿနာများအတွက် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များမှ တစ်ဆင့် ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ စေ့စပ်ဆွေးနွေး ဖြေရှင်းပေးနိုင်ရန် ဆောင်ရွက်ရမည်။

(ည) ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်များအတွင်း တိကျသော တာဝန်ခွဲဝေ သတ်မှတ်မှုများရှိရမည်။

(ဋ) မြို့နယ်အလုပ်အမှုဆောင်ကော်မတီများ ဖွဲ့စည်းခြင်းကို တာဝန်ယူရမည်။

(၅) ပထမအကြိမ်ပါတီညီလာခံ မကျင်းပမီ ဤစည်းမျဉ်းပါသတ်မှတ်ချက်များအပြင် ကြားကာလလိုအပ်ချက်များအတွက် ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် လမ်းညွှန်ချက်များ စည်းကမ်းချက်များကို ချမှတ်နိုင်သည်။

**(၆) မြို့နယ်အလုပ်အမှုဆောင်ကော်မတီ**

(က) မြို့နယ်လုံးဆိုင်ရာ အစည်းအဝေးကို တက်ရောက်လာသောပါတီဝင် ကိုယ်စားလှယ်များမှ မြို့နယ်အလုပ်အမှုဆောင်ကော်မတီကို ( ၁၃ )ဦး သို့မဟုတ် ( ၁၅ )ဦးဖြင့် ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ရမည်။

(ခ) ရွေးကောက်တင်မြှောက်ခြင်းခံရသော မြို့နယ်အလုပ်အမှုဆောင်ကော်မတီဝင်များ အနက်မှ ဥက္ကဋ္ဌ( ၁ )ဦး၊ အတွင်းရေးမှူး ( ၁ )ဦး၊ ဒုဥက္ကဋ္ဌ ( ၂ )ဦး၊ တွဲဖက်အတွင်းရေးမှူး ( ၂ )ဦးကို ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ရမည်။

(ဂ) ရခိုင်ပြည်နယ်၏ ပြင်ပတွင်ရှိသော ရန်ကုန်အပါအဝင် အခြားမြို့နယ်အလုပ်အမှုဆောင်ကော်မတီများကိုလည်း ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် သင့်တော်သလို ဖွဲ့စည်းသွားရမည်။

**(၇) မြို့နယ်အလုပ်အမှုဆောင်ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

(က) မြို့နယ်အလုပ်အမှုဆောင်ကော်မတီများသည် ဗဟိုကော်မတီ ( သို့မဟုတ် ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဦးဆောင်မှုကို လိုက်နာရမည်။

(ခ) မြို့နယ်အလုပ်အမှုဆောင်ကော်မတီများသည် ဗဟိုကော်မတီ ( သို့မဟုတ် ) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) မြို့နယ်အလုပ်အမှုဆောင်ကော်မတီများသည် မိမိတို့မြို့နယ်အတွင်းရှိပါတီဝင်များနှင့် ပါတီဘဏ္ဍာငွေများကိုခန့်ခွဲသုံးစွဲခြင်းနှင့် လုပ်ငန်းအရပ်ရပ်ကိုညွှန်ကြားခြင်း တို့ကိုပြုလုပ်ရမည်။

(ဃ) မြို့နယ်အလုပ်အမှုဆောင်ကော်မတီများသည် မြို့နယ်လုံးဆိုင်ရာအစည်းအဝေးကို တစ်နှစ်လျှင် ( ၁ ) ကြိမ် ကျင်းပရမည်။ ထူးခြားသည့်အခြေအနေများအရ အစည်းအဝေးများကို ရက်ရွှေ့ ဆိုင်းခြင်း၊ စော၍ ခေါ်ယူခြင်းများပြုလုပ်နိုင်သည်။

(င) ပါတီဝင်ထုနှင့် ကျေးရွာရပ်ကွက် အလုပ်အမှုဆောင်ကော်မတီများမှ တင်ပြလာသည့် အကြံပြု ထင်မြင်ချက်များနှင့် ပြည်သူလူထု ထိခိုက်နစ်နာရမှုများကို အထက်အဖွဲ့ အစည်းသို့ တင်ပြရမည်။

(စ) မြို့နယ်အုပ်ချုပ်ရေး အာဏာပိုင်များနှင့် ပြည်သူလူထုကြား ပေါ်ပေါက်လာသော ပြဿနာ များကို တိုက်ရိုက်ဖြစ်စေ၊ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များမှ တစ်ဆင့်ဖြစ်စေ၊ တတ်နိုင်သမျှ ငြိမ်းချမ်းစွာဖြင့် ဖြေရှင်းနိုင်ရန် ဆောင်ရွက်ရမည်။

## (၈) မြို့နယ်လုံးဆိုင်ရာအစည်းအဝေး၏ လုပ်ငန်းနှင့်တာဝန်များ

(က) မြို့နယ်အလုပ်အမှုဆောင်ကော်မတီဝင်များကို ရွေးချယ်တင်မြှောက်ခြင်းနှင့် ပါတီညီလာခံ သို့ ကိုယ်စားလှယ်များ စေလွှတ်နိုင်ရန် ရွေးချယ်ပေးခြင်းတို့ကို ပြုလုပ်ရမည်။

(ခ) ကျေးရွာ၊ ရပ်ကွက်များမှ တင်ပြလာသော အစီရင်ခံစာများကို လက်ခံခြင်း၊ ဆွေးနွေး အတည်ပြုခြင်းများ ပြုလုပ်ရမည်။ ပါတီညီလာခံကိုယ်စားလှယ်များ ရွေးချယ်ပေးသည့် အခါတွင် ရန်ကုန်၊ စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲမြို့ နှင့် မြောက်ဦးမြို့များမှ ကိုယ်စားလှယ် ( ၇ )ဦးကျစီ ရွေးချယ်စေလွှတ်ခွင့်ရှိပြီး ကျန်မြို့နယ်များမှကိုယ်စားလှယ် ( ၅ )ဦးကျစီ ရွေးချယ်စေလွှတ် နိုင်သည်။

(ဂ) မြို့နယ်လုံးဆိုင်ရာ အစည်းအဝေးကို မြို့နယ်အလုပ်အမှုဆောင်ကော်မတီနှင့် ရပ်ကွက်၊ ကျေးရွာ (သို့မဟုတ်) ကျေးရွာအုပ်စုများမှကိုယ်စားလှယ်များဖြင့် ကျင်းပရမည်။

## (၉) ရပ်ကွက် / ကျေးရွာအလုပ်အမှုဆောင်ကော်မတီ

(က) ရပ်ကွက် / ကျေးရွာအစည်းအဝေးကို တက်ရောက်လာသော ပါတီဝင် ကိုယ်စားလှယ်များမှ ရပ်ကွက် / ကျေးရွာ အလုပ်အမှုဆောင်ကော်မတီဝင်များကို ( ၁၃ )ဦး ( သို့မဟုတ် ) ( ၁၅ ) ဦးဖြင့် ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ရမည်။

(ခ) ရွေးကောက်တင်မြှောက်ခံရသော ရပ်ကွက် / ကျေးရွာ အလုပ်အမှုဆောင်ကော်မတီဝင်များ အနက်မှဥက္ကဌ ( ၁ )ဦး၊ အတွင်းရေးမှူး ( ၁ )ဦး၊ ဒုဥက္ကဌ ( ၂ )ဦး၊ တွဲဖက်အတွင်းရေးမှူး ( ၂ ) ဦးတို့ကို ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ရမည်။

## (၁၀) ရပ်ကွက် / ကျေးရွာ အလုပ်အမှုဆောင်ကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

(က) ရပ်ကွက် / ကျေးရွာ အလုပ်အမှုဆောင်ကော်မတီများ ဖွဲ့စည်းခြင်းကို သက်ဆိုင်ရာမြို့နယ် အလုပ်အမှုဆောင်ကော်မတီ၏ အတည်ပြုချက် ရယူရမည်။

(ခ) ရပ်ကွက် / ကျေးရွာ အလုပ်အမှုဆောင်ကော်မတီများသည် ပါတီ၏ အခြေခံအဖွဲ့အစည်း များဖြစ်သဖြင့် သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာများရှိ ပြည်သူများနှင့် ရင်းနှီး စည်းလုံး ညီညွတ်မှုရှိအောင် အားထုတ်ရမည်။

(ဂ) ပါတီ၏ အထက်အဖွဲ့အစည်းများမှ ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းများကို အကောင် အထည်ဖော် ရမည်။ ထိုသို့ အကောင်အထည် ဖော်နိုင်ရန် ပြည်သူများနှင့် ရင်းနှီးပွင့်လင်းစွာ ဆက်ဆံပြီး ပါတီ၏ သဘောထားနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ စည်းရုံးရေး လုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ဃ) ပြည်သူများ၏တောင်းဆိုချက်နှင့် ဆန္ဒများကို အမြဲတစေမှတ်သား၍ အထက်အဖွဲ့အစည်း များသို့ အစီရင်ခံ တင်ပြရမည်။

(င) ပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတို့တွင် တိုးတက်သိမြင် လာစေရေးအတွက် ကူညီဆောင်ရွက်ရမည်။

(စ) ပါတီဝင်သစ်များစုဆောင်းပြီး ပါတီဝင်ကြေးများကို စနစ်တကျ ပုံမှန်ကောက်ခံရမည်။

**(၁၁) ရပ်ကွက် / ကျေးရွာအစည်းအဝေး၏ လုပ်ငန်းနှင့်တာဝန်များ**

(က) ရပ်ကွက် / ကျေးရွာ အစည်းအဝေးများကို ( ၆ )လ တစ်ကြိမ် ပြုလုပ်ရန်။

(ခ) ထိုအစည်းအဝေးများမှ ပါတီဝင်များနှင့် ပြည်သူတို့၏တင်ပြချက်များကို လက်ခံဆွေးနွေး ပြီး မှတ်တမ်းပြုကာ အထက်အဖွဲ့အစည်းများသို့ တင်ပြရမည်။

(ဂ) ရပ်ကွက် / ကျေးရွာ အလုပ်အမှုဆောင်ကော်မတီဝင်များကို ဒီမိုကရေစီနည်းအရ ရွေးချယ် တင်မြှောက်ရမည်။ ထို့အပြင် မြို့နယ်လုံးဆိုင်ရာ အစည်းအဝေးများသို့ ကိုယ်စားလှယ် များစေလွှတ်နိုင်ရန် ကိုယ်စားလှယ်များကို ရွေးချယ်ပေးရမည်။ ထိုသို့ရွေးချယ်ရာတွင် ကိုယ်စားလှယ် ( ၂ ) ဦးကို ရွေးချယ်ရမည်၊ တိုက်နယ်အဆင့်ရှိ ကျေးရွာအုပ်စု ဖြစ်ပါမူ ကိုယ်စားလှယ် ( ၃ ) ဦး စေလွှတ်နိုင်သည်။

(ဃ) ရပ်ကွက် / ကျေးရွာ / ကျေးရွာအုပ်စုများ၏ အလုပ်အမှုဆောင် ကော်မတီဝင်များနှင့် ပါတီဝင်ထု တစ်ရပ်လုံးဖြင့် ကျင်းပရမည်။

## အခန်း ( ၄ )

၆။ ပါတီအခြေခံစည်းမျဉ်း၊ စည်းကမ်းများ

(၁) ပါတီဝင်ဖြစ်ရေး

ပါတီဝင်အဖြစ်လက်ခံခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

( က ) ရခိုင်လူမျိုး နှင့် ရခိုင်မျိုးနွယ်စု မိဘနှစ်ပါးမှ မွေးဖွားသူများ။

( ခ ) ပါတီဝင်လိုသူတစ်ဦးသည် အသက် ( ၁၈ ) နှစ် ပြည့်ပြီးသူ ဖြစ်ရမည်။

( ဂ ) ရခိုင်ပြည်နယ်အတွင်း နေထိုင်သည့် ရခိုင်အမျိုးသားများနှင့် ရခိုင်ပြည်နယ်၏ အကျိုးကို လိုလားသော ပြည်နယ်အတွင်း အခြေချနေထိုင်သည့် နိုင်ငံသားဖြစ်ရမည်။

( ဃ ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ ရခိုင်လူမျိုး မိဘတစ်ဦးဦးမှ မွေးဖွားသည့် မြန်မာနိုင်ငံသားဖြစ်ရမည်။

(၂) ပါတီဝင်အဖြစ်လက်ခံခြင်း

( က ) ပါတီဝင်ခွင့် လျှောက်ထားသူတစ်ဦးသည် ပါတီသို့ တစ်ဦးချင်း လျှောက်လွှာတင်၍ ဝင်ရောက်ရမည်။

( ခ ) ပါတီဝင်ခွင့်ကို မိမိကိုယ်တိုင်လျှောက်ထားရမည်။

( ဂ ) လျှောက်လွှာပုံစံတွင် အပြည့်အစုံဖော်ပြ၍ လက်မှတ်ရေးထိုးရမည်။

( ဃ ) မြို့နယ် ( သို့မဟုတ် ) ဗဟိုအဖွဲ့အစည်းတစ်ရပ်ရပ်၏ ပါတီဝင်အဖြစ် လက်ခံကြောင်း အတည်ပြုချက် ရယူရမည်။

( င ) ပါတီဝင်အဖြစ် လျှောက်ထားသူတစ်ဦးသည် အခြားနိုင်ငံရေးပါတီတစ်ခုခုမှ နှုတ်ထွက်လာသူဖြစ်ပါက ယခင်ပါတီတွင် ထမ်းဆောင်ခဲ့သည့် ပါတီ၏တာဝန်ကို မှန်မှန် ကန်ကန် ဖော်ပြရမည်။ မည်သည့် အကြောင်းကြောင့် ၎င်းပါတီမှ နှုတ်ထွက်ခဲ့သည်ကိုလည်း မှန်မှန် ကန်ကန် ဖော်ပြရမည်။ မူလပါတီမှ အမှန်တကယ်နှုတ်ထွက်ခြင်း ရှိ၊ မရှိကို ပါတီဝင်စိစစ်ရေးကော်မတီမှ အတည်ပြုချက်ရယူပြီးမှသာ ပါတီဝင်အဖြစ် လက်ခံရမည်။

(၃) ပါတီဝင်တစ်ဦး၏တာဝန်ဝတ္တရားများ

ပါတီဝင်တစ်ဦး၏တာဝန်ဝတ္တရားများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ပါတီဝင်တစ်ဦးသည် အမျိုးသားရေးနှင့် တစ်မျိုးသားလုံး၏ အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်ရမည်။ ပါတီနှင့်ပြည်သူ တစ်သားတည်းဖြစ်ရေးအတွက် ပြည်သူတို့၏လိုလားချက် နှင့် ဆန္ဒများကို အစဉ်တစိုက်လေ့လာပြီး အစီရင်ခံရမည်။ ပါတီ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကိုလည်း ပြည်သူများသိရှိ နားလည် သဘောပေါက်စေရန် ရှင်းလင်းပြောကြားရမည်။

(ခ) ပါတီဝင်တစ်ဦးသည် ပါတီ၏မူဝါဒများ၊ ရပ်တည်ချက်များ၊ အခါအားလျော်စွာဆုံးဖြတ်သည့် ပါတီ၏ဆုံးဖြတ်ချက်များနှင့်တကွ ပါတီ၏ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရမည်။

(ဂ) ပါတီဝင်တစ်ဦးသည် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားများ၏ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး၊ စစ်မှန်သော ပြည်ထောင်စု ပေါ်ပေါက်ရေးအတွက် ကြိုးပမ်း၊ အားထုတ်ဆောင်ရွက်ရမည်။

(ဃ) ပါတီဝင်တစ်ဦးသည် ရခိုင်အမျိုးသားရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးရာများကို သိရှိနားလည်အောင်၊ လေ့လာရမည်။ ထို့ပြင် မိမိ၏အသိဉာဏ် အဆင့်အတန်း၊ အတွေးအခေါ် မြင့်မားရေးအတွက် ကြိုးပမ်းအားထုတ်ရမည်။

(၄) ပါတီဝင်တစ်ဦး၏အခွင့်အရေးများ

ပါတီဝင်တစ်ဦး၏အခွင့်အရေးများမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ပါတီဝင်တစ်ဦးသည် ပါတီ၏ရည်ရွယ်ချက်များ၊ သဘောထားများကို ဆောင်ရွက်ရန်အတွက် လိုအပ်ပါက ပါတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးပိုင်ခွင့်ရှိသည်။

(ခ) ပါတီဝင်တစ်ဦးသည် ပါတီအဖွဲ့အစည်းအဆင့်ဆင့်တွင် ဆန္ဒပေးရွေးချယ်တင်ပြခွင့်၊ အရွေးခံပိုင်ခွင့် ရှိသည်။

(ဂ) ပါတီဝင်တစ်ဦးသည် ဗဟိုဦးစီးအဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အပါအဝင် မည်သည့် ပါတီအဖွဲ့အစည်းကို မဆို အကြံပေးချက်များ၊ အဆိုပြုချက်များ၊ အစီရင်ခံစာများ တင်သွင်းခွင့်ရှိသည်။

(ဃ) အကျင့်စာရိတ္တကောင်းမွန်အောင် ကျင့်ကြံနေထိုင်ရမည်။

(င) ပါတီ၏ ဂုဏ်သိက္ခာ၊ မိမိ၏ဂုဏ်သိက္ခာကို စောင့်ထိမ်းရမည်။

(စ) ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို စောင့်ရှောက်ရမည်။

(ဆ) ရခိုင်အမျိုးသားယဉ်ကျေးမှုကို ထိမ်းသိမ်းစောင့်ရှောက်ရမည်။

(ဇ) ပါတီမှပေးအပ်သော တာဝန်များကို မိမိဆန္ဒနှင့် မကိုက်ညီစေကာမူ လက်ခံလိုက်နာ၍ ကျေပွန်စွာ ထမ်းဆောင်ရမည်။

(၇) စည်းကမ်း

(က) ပါတီဝင်များအပေါ် အရေးယူရန်လိုအပ်လာပါက တိုင်ကြားမှုများအား ကြားနာရန်နှင့် **စည်းကမ်းချက်များနှင့်အညီ အရေးယူနိုင်ရန် ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီကို** ဖွဲ့စည်းရမည်။

(ခ) ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီကို နှစ်စဉ်ကျင်းပသော ပါတီညီလာခံမှ ရွေးချယ်ရမည်။ သို့ရာတွင် အဆိုပါအဖွဲ့ဝင်များသည် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်သော်လည်းကောင်း၊ အယူခံအဖွဲ့ဝင် သော်လည်းကောင်း၊ မဖြစ်စေရ။

(ဂ) ပါတီစည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ပါတီဝင်တစ်ဦးအား ပါတီ၏ကျင့်ဝတ်ကို ဖောက်ဖျက်ခြင်းကြောင့် သော်လည်းကောင်း၊ ပါတီ၏ဖွဲ့စည်းပုံကို ဖောက်ဖျက်သည်ဟုသော်လည်းကောင်း၊ အကြောင်းများကြောင့် ပါတီစည်းကမ်းထိန်းသိမ်းရေးအရ အရေးယူနိုင်သည်။

(ဃ) ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီသည် စည်းကမ်းထိန်းသိမ်းရေး စည်းမျဉ်းများနှင့် အညီ လုပ်ဆောင်ရမည်။

(င) **စည်းကမ်းထိန်းသိမ်းရေး စည်းမျဉ်းများသည် ပါတီဝင်များအား အရေးယူနိုင်ရန် စည်းကမ်းများ သတ်မှတ်ထားရမည်။ ယင်းတို့တွင် ပါတီဝင်များအား သတိပေးခြင်း၊ အချိန်ကာလကန့်သတ်၍ ပါတီဝင်အဖြစ်မှ ရပ်ဆိုင်းထားခြင်း၊ ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်း စသည်တို့ကိုပြုလုပ်နိုင်သည့် အခွင့်အာဏာ ပါရှိရမည်။**

(စ) **စည်းကမ်းထိန်းသိမ်းခြင်းဖြင့် အရေးယူခံရသည့် မည်သည့်အဖွဲ့ဝင်မဆို စည်းကမ်းထိန်းသိမ်းရေး စည်းမျဉ်းများတွင် ဖော်ပြထားသည်နှင့်အညီ အယူခံကော်မတီသို့ အယူခံပိုင်ခွင့်ရှိသည်။**

(၈) စည်းကမ်းချက်များ

(က) ပါတီမှချမှတ်ထားသော ဤပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ အချက်များကို လေးစား လိုက်နာရမည်။

(ခ) အများပြည်သူ အကြည်ညိုပျက်စေမည့် အပြုအမူ၊ အပြောအဆို၊ အနေအထိုင် မှန်သမျှ ရှောင်ကြဉ်ရမည်။

(ဂ) ပါတီတွင်းစည်းလုံးညီညွတ်ရေး၊ ပြည်သူလူထုအတွင်း စည်းလုံးညီညွတ်ရေးကို ပျက်ပြား စေသည့် အပြုအမူ၊ အပြောအဆို၊ အနေအထိုင်၊ အကျင့်အကြံမှန်သမျှ ရှောင်ကြဉ်ရမည်။

(ဃ) ပါတီတွင်း ကိစ္စရပ်များ၊ ပါတီတွင်း အစည်းအဝေးဆွေးနွေးချက်များ၊ ဆုံးဖြတ်ချက်များကို ပြင်ပသို့ မပေါက်ကြားအောင် စောင့်ရှောက်ရမည်။

(င) ပါတီအပေါ်၊ ပါတီဝင်တစ်ဦးချင်းအပေါ် မကျေလည်သည့်အချက် ရှိခဲ့လျှင် သက်ဆိုင်ရာ ပါတီအဖွဲ့အစည်း အတွင်း၌သာ တရားဝင်တင်ပြ ဖြေရှင်းရမည်။

(စ) တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ဦးဆောင်မှုမဖြစ်စေဘဲ၊ စုပေါင်းဦးဆောင်မှုဖြင့်သာ လွှတ်တော်တွင်း / ပ၊ ပါတီတွင်း / ပ၊ ကိစ္စအဝဝကို ဆောင်ရွက်ကြရမည်။

(ဆ) ပါတီအဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပါတီဝင်တစ်ဦးဦး၏ ချို့ယွင်းချက်၊ အားနည်းချက် များတွေ့ရှိလျှင် ဝိုင်းဝန်း၊ ဆွေးနွေး၊ အဖြေရှာရမည်။ ချို့ယွင်းချက်များကို အခွင့်ကောင်းယူ၍ သိက္ခာချခြင်းမပြုရ။

(ဇ) ပါတီဝင်တိုင်းသည် လုပ်ထုံးလုပ်နည်းနှင့်အညီ ပါတီဝင်ကြေးနှင့် လစဉ်ကြေးများကို မပျက် မကွက်ပေးဆောင်ရမည်။

(၉) အယူခံကော်မတီ

(က) စည်းကမ်းထိန်းသိမ်းရေး စည်းမျဉ်းများတွင် ဖော်ပြထားသည်နှင့်အညီ အယူခံမှုများကို ကြားနာနိုင်ရန်အတွက် အယူခံကော်မတီကို ဖွဲ့စည်းရမည်။

(ခ) အယူခံကော်မတီကို တစ်နှစ်တစ်ကြိမ် ကျင်းပပြုလုပ်သည့် ပါတီညီလာခံမှ ရွေးချယ်ရမည်။ သို့ရာတွင် အယူခံကော်မတီအဖွဲ့ဝင်တစ်ဦးသည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်သော် လည်းကောင်း၊ စည်းကမ်းထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင်သော်လည်းကောင်း မဖြစ်စေရ။

(ဂ) အယူခံကော်မတီသည် စည်းကမ်းထိန်းသိမ်းရေး စည်းမျဥ်းများနှင့်အညီ လုပ်ဆောင်ရမည်။

## အခန်း (၅)

၇။ ပါတီဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ အရေးယူထုတ်ပယ်ခြင်းနှင့် ရပ်စဲခြင်း။

(၁) နုတ်ထွက်ခြင်း

(က) ပါတီဝင်တစ်ဦးသည် ပါတီမှ မိမိအလိုဆန္ဒအရ နုတ်ထွက်ခွင့်ရှိသည်။ ထိုနုတ်ထွက်လွှာကို မိမိကိုယ်တိုင် သက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်နှင့် ဗဟိုအဖွဲ့အစည်းတစ်ခုခုသို့ တင်သွင်းရမည်။ ထိုနုတ်ထွက်လွှာကို သက်ဆိုင်ရာ အဖွဲ့အစည်းမှ အတည်ပြုပါက ပါတီဝင်စာရင်းမှ ပယ်ဖျက်ရမည်။ ဤဆောင်ရွက်ချက်များကို မှတ်ပုံတင်ထားနိုင်ရန် အတွက် ပါတီအထက်အဖွဲ့အစည်းသို့ တင်ပြရမည်။

(ခ) ပါတီဝင်တစ်ဦးသည် လုံလောက်သော အကြောင်းပြချက်မရှိဘဲ ပါတီလုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ပါတီဝင်ကြေးပေးရန် ပျက်ကွက်ခြင်းရှိပါက နုတ်ထွက်လိုသော သဘောရှိသည်ဟု ယူဆရမည်။ ထိုသူ၏ဆန္ဒကို မေးမြန်း၍ နုတ်ထွက်လိုက နုတ်ထွက်ခွင့်ပြုကြောင်း ဆုံးဖြတ်ရမည်။ ဤဆောင်ရွက်ချက်ကို မှတ်ပုံတင်ထားနိုင်ရန် ပါတီအထက်အဖွဲ့အစည်းသို့ အစီရင်ခံရမည်။

(၂) အရေးယူထုတ်ပယ်ခြင်း

(က) ပါတီစည်းကမ်းထိန်းသိမ်းရေး ကော်မတီက ပါတီစည်းကမ်းထိန်းသိမ်းရေး စည်းမျဥ်းများနှင့်အညီ အရေးယူခံရပြီး ပါတီမှထုတ်ပယ်ခြင်း ခံရသူ။

(ခ) ထိုသို့ အရေးယူရာတွင် အယူခံကော်မတီမှလည်း အတည်ပြုပြီး ဖြစ်သူ။

(၃) ရပ်စဲခြင်း

(က) ပါတီဝင်တစ်ဦး ကွယ်လွန်ခြင်း။

(ခ) ရူးသွပ်ကြောင်းဆေးဖက်ဆိုင်ရာမှ အသိအမှတ်ပြုခြင်း။

(ဂ) သာသနာ့ဘောင်သို့ အမြဲတမ်းဝင်ရောက်ခြင်း။

ထိုပုဂ္ဂိုလ်၏အမည်ကို ပါတီစာရင်းမှ ပယ်ဖျက်ရန် ဆုံးဖြတ်ချက် ချရမည်။ ဤဆောင်ရွက်ချက်များကို မှတ်ပုံတင်ထားနိုင်ရန် ပါတီအထက်အဖွဲ့အစည်းသို့ အစီရင်ခံရမည်။

## အခန်း ( ၆)

### ၈။ ဘဏ္ဍာငွေရှာဖွေရေးနှင့်ထိမ်းသိမ်းရေး

အဖွဲ့ချုပ်၏ဘဏ္ဍာငွေကို အောက်ပါအတိုင်း ရှာဖွေထိမ်းသိမ်းရမည်။

(၁) အဖွဲ့ဝင်တစ်ဦးချင်းထံမှ ဝင်ကြေး၊ လစဉ်ကြေးနှင့် နှစ်စဉ်ကြေး ကောက်ခံရရှိငွေ။ ( ဝင်ကြေး၊ လစဉ်ကြေး၊ နှစ်စဉ်ကြေး တို့ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ သတ်မှတ်သည့် နှုန်းထားအတိုင်း ဖြစ်စေရမည်။ )

(၂) အဖွဲ့ဝင်တစ်ဦးချင်း ( သို့မဟုတ် ) အများထံမှသော်လည်းကောင်း၊ အခြားစေတနာရှင် တိုင်းရင်းသား တစ်ဦးချင်း ( သို့မဟုတ် ) အများ ( သို့မဟုတ် ) တရားဝင်အဖွဲ့အစည်းများ ထံမှသော်လည်းကောင်း၊ ကူညီထောက်ပံ့ငွေ။

(၃) အဖွဲ့ဝင်များ ( သို့မဟုတ် ) အဖွဲ့အကျိုးကို လိုလားသည့် တိုင်းရင်းသားများ၏ လုပ်အားနှင့် အခြားတရားဝင်နည်းလမ်းဖြင့် ရှာဖွေရရှိငွေ။

(၄) ဘဏ္ဍာငွေသုံးစွဲခြင်းနှင့် ထိမ်းသိမ်းခြင်းလုပ်ငန်းများကို သီးခြားစည်းမျဉ်း၊ စည်းကမ်းများ သတ်မှတ် ရေးဆွဲရမည်။

## အခန်း ( ၇ )

### ၉။ ကိုယ်စားလှယ်လောင်းများရွေးချယ်ခြင်း

**(၁) ကိုယ်စားလှယ်လောင်းစိစစ်ရွေးချယ်ခြင်း**

(က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ပါတီကိုယ်စား ရွေးကောက်ပွဲများတွင်ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် အတည်ပြုပြီးဖြစ်သည့် ကိုယ်စားလှယ်လောင်းများစာရင်းကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ စိစစ်ရွေးချယ်ရေးစည်းမျဉ်းများနှင့်အညီ ပြုစုရန်တာဝန်ရှိသည်။

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အထက်ပါတာဝန်ကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ စိစစ်ရွေးချယ်ရေးစည်းမျဉ်းများနှင့်အညီ အဆိုပါကိစ္စအတွက် ဖွဲ့စည်းထားသည့်အဖွဲ့သို့ လွှဲအပ်နိုင်သည်။

(၂) လွှတ်တော်ကိုယ်စားလှယ်လောင်းများရွေးချယ်ခြင်း

(က) လွှတ်တော်ရွေးကောက်ပွဲများအတွက် ကိုယ်စားလှယ်လောင်းများကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ စိစစ်ရွေးချယ်ရေးစည်းမျဉ်းများနှင့်အညီ ရွေးကောက်ပွဲဖြင့် ရွေးချယ်ရမည်။

(ခ) သက်ဆိုင်ရာမဲဆန္ဒနယ်မြေများတွင် ကန့်ကွက်ရန်မရှိသည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်အတည်ပြုရန်အတွက် အစီအစဉ်များကို ဗဟိုအလုပ်အမှုဆောင်ကော်မတီက သတ်မှတ် ပြဋ္ဌာန်းပေးရမည်။

(ဂ) လွှတ်တော်ကိုယ်စားလှယ်လောင်းများ စိစစ်ရွေးချယ်ရေးစည်းမျဉ်းများတွင် အထူးသဖြင့် ကိုယ်စားလှယ်လောင်းများစာရင်း၌ အမျိုးသမီးများပါဝင်နိုင်ရန်အတွက် လုပ်ငန်းစဉ်များကို အတည်ပြုပြဋ္ဌာန်းပေးရမည်။

(ဃ) လွှတ်တော်ကြားဖြတ်ရွေးကောက်ပွဲများအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ စိစစ်ရွေးချယ်ရေးစည်းမျဉ်းများတွင် သီးသန့်ပြဋ္ဌာန်းချက်များကို သတ်မှတ်ရေးဆွဲထားရမည်။

(င) ဗဟိုအလုပ်အမှုဆောင်ကော်မတီ သို့မဟုတ် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရွေးချယ်ရေး စည်းမျဉ်းများအရ ဖွဲ့စည်းပေးထားသည့်အခြားအဖွဲ့သည် ကိုယ်စားလှယ်လောင်းများ ရွေးချယ်ခြင်းနှင့် အဆင့်သတ်မှတ်မှုများကို စီမံခန့်ခွဲရန်တာဝန်ရှိသည်။

## အခန်း ( ၈ )

၁၀။ စည်းမျဉ်းများရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း

(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် မိမိပါတီအတွက် လိုအပ်သောစည်းမျဉ်းများကို ရေးဆွဲရန် တာဝန်ရှိသည်။

(ခ) ပြောင်းလဲလာသော အခြေအနေများအရ စည်းမျဉ်းများကိုပြင်ဆင်ရန်၊ အစားထိုးရန်၊ ဖြည့်စွက်ရန်၊ ပယ်ဖျက်ရန် လိုအပ်လာပါက ဗဟိုအလုပ်အမှုဆောင်ကော်မတီသည်

ဗဟိုကော်မတီနှင့် ညှိနှိုင်း၍ ထိုကဲ့သို့ပြင်ဆင်ခြင်း၊ အစားထိုးခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

(ဂ) ထိုကဲ့သို့ပြင်ဆင်ခြင်း၊ အစားထိုးခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို အနီးကပ်ဆုံး ပါတီညီလာခံတွင် ထပ်မံအတည်ပြုချက် ရယူရမည်။

## အခန်း ( ၉ )

### ၁၁။ အထွေထွေ

ပါတီ၏ဖွဲ့စည်းပုံကို အထွေထွေပါတီညီလာခံသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်စုစုပေါင်း၏ သုံးပုံ နှစ်ပုံ၏ အတည်ပြုချက်မရဘဲ၊ ပြင်ဆင်ခွင့်မရှိ။